ထိုအခါ အရှင်မြတ်က ၎င်းအား

အသင်ဆန္ဒပြုသမျှအရာအားလုံးနှင့်

ယင်း၏ဥပမာတူညီသောအရာကို ထပ်ဆောင်းအားဖြင့် သင့်အဖို့ဖြစ်သည်’ဟု မိန့်တော်မူလိမ့်မည်။”

အဗူဟူရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ “ဧကန်စင်စစ်
ဂျန္နသ်သုခဘုံတွင် သင်တို့ထဲမှ တစ်ဦးတစ်ယောက်၏ အနိမ့်ဆုံးအဆင့်မှာ (အလ္လာဟ်အရှင်မြတ်က) − အသင်အလိုရှိရာဆန္ဒပြုလော့ဟု ထိုသူအား
မိန့်ဆိုတော်မူမည်ဖြစ်သည်။ ထို့နောက် သူသည် အလိုရှိရာကို ဆန္ဒပြုလိမ့်မည်၊ထို့နောက် ထပ်မံ၍ ဆန္ဒပြုလိမ့်မည်။ ထို့နောက် (အလ္လာဟ်အရှင်မြတ်က) ထိုသူအား
သင်အလိုရှိရာကို ဆန္ဒပြုပြီးပြီလောဟု မေးမြန်းတော်မူမည်။ ထိုအခါ သူကဟုတ်ကဲ့
ဆန္ဒပြုပြီးပါပြီဟု ဖြေကြားလိမ့်မည်။ ထိုအခါ အရှင်မြတ်က ၎င်းအား
အသင်ဆန္ဒပြုသမျှအရာအားလုံးနှင့် ယင်း၏ဥပမာတူညီသောအရာကို ထပ်ဆောင်းအားဖြင့်
သင့်အဖို့ ဖြစ်သည်’ဟု မိန့်တော်မူလိမ့်မည်။” [صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်- ဂျန္နသ်သို့ဝင်ရောက်ရသူများတွင် အဆင့်အတန်း အနိမ့်ဆုံးသော သူအား ‘သင်အလိုရှိသည်ကိုဆန္ဒပြုလော့’ဟု မိန့်ဆိုလိမ့်မည်။ ထို့နောက် သူသည် အလိုရှိရာကို ဆန္ဒပြုလိမ့်မည်။ထပ်ခါထပ်ခါ ဆန္ဒပြုလိမ့်မည်။ နောက်ဆုံး၌ သူဖော်ပြခြင်းမပြုရသေးသော ဆန္ဒတစ်စုံတစ်ရာကျန်ရှိတော့မည် မဟုတ်ပေ။ ထို့နောက် (အလ္လာဟ်အရှင်မြတ်က) ထိုသူအား သင်အလိုရှိရာကိုဆန္ဒပြုပြီးပြီလောဟု မေးမြန်းတော်မူမည်။ ထိုအခါ သူကဟုတ်ကဲ့ ဆန္ဒပြုပြီးပါပြီဟုဖြေကြားလိမ့်မည်။ ထိုအခါ အရှင်မြတ်က အသင်ဆန္ဒပြုသမျှအရာအားလုံးနှင့်ယင်း၏ဥပမာတူညီသောအရာကို ထပ်ဆောင်းအားဖြင့် သင့်အဖို့ ဖြစ်သည်’ဟုမိန့်တော်မူလိမ့်မည်။

http://sunnah.global/hadeeth/my/show/8342